စာအမှတ်......
ရက်စွဲ........

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် ( ၂၀၃ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက် )

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ထပ်မံအသိပေးထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **( ၈. ၉. ၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မှ ၆. ၁၁. ၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီ အထိ )** ဆောင်ရွက်ကြပါရန် ၆.၉.၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ( ၁၇၃/ ၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန်အလို့ငှာ **၆.၁၁.၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၈.၁၁.၂၀၂၀ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည် ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများကို မဲဆွယ်စည်းရုံး ခွင့်ပြုထားသည့် နောက်ဆုံးရက် ၆. ၁၁. ၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီ အချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ် ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

AMT/25-10-2020 / Pyithu